## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး
## ဟောင်ကောင်မြို့

စာအမှတ်၊ ၁၉၅၈၆
ရက်စွဲ၊ ၇.၈.၁၅
ဝန်ကြီးရုံး

စာအမှတ်၊ ၀၁၅ - ၁၂၂၃ / ၃၇ - ၃၉
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

သို့

ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ (၂၀-၇-၂၀၁၅)ရက်နေ့မှ (၂၆-၇-၂၀၁၅)ရက်နေ့အတွင်း ဒေသတွင်း စီးပွားရေးဆိုင်ရာ ထူးခြားမှု အခြေအနေများအား တင်ပြခြင်း

ရည် ညွှန်း ချက်။ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့၏ ၂၄-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၀၁၅-၄၇၉/၃၇-၃၉

၁။ ဟောင်ကောင်၊ မကာအို အထူးအုပ်ချုပ်ရေးဒေသများနှင့် ဆက်စပ်ဒေသဖြစ်သော ထိုင်ဝမ်ဒေသ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သီတင်းတစ်ပတ်အတွင်း စီးပွားရေးဆိုင်ရာ ထူးခြားမှု အခြေအနေများအား အောက်ပါအတိုင်း လေ့လာတင်ပြအပ်ပါသည်-

**(၁) ဟောင်ကောင်ဒေသ၏ စီးပွားရေးအခြေအနေ**

ဟောင်ကောင်အစိုးရမှ iBond5 or inflation linked bonds ၏ အသေးစိတ် အချက်အလက်များအား ထုတ်ဖော်ပြောကြားခဲ့ခြင်း

ဟောင်ကောင်အစိုးရမှ iBond5 (inflation linked bonds) နှင့်ပတ်သက်၍ ပြီးခဲ့သောအပတ်က အသေးစိတ်ကြေညာခဲ့ကြောင်း၊ ဝင်ကြေးအား ဇူလိုင်လ(၂၁)ရက်နေ့မှ (၂၉)ရက်နေ့အထိ ရောင်းချပေးမည်ဖြစ်ပြီး ထုတ်ဝေမှုအမျိုးမျိုးရှိရာ အမြင့်ဆုံးမှာ ဟောင်ကောင်ဒေါ်လာ (၁၀) ဘီလီယံနှင့် အချိန်အားဖြင့် (၃)နှစ်အထိရှိကြောင်း၊ (၆)လအတွင်း ငွေပေးသွင်းခဲ့သည့်ရက်အလိုက် Consume Price Index (CPI) ပျမ်းမျှပေါ် အခြေခံပြီး အတိုးနှုန်းများကို (၆)လတစ်ကြိမ်

ပေးချေသွားမည်ဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း ခန့်မှန်းချက်အရ ကုန်ပွန်တန်ဖိုးမှာ ၃ % နှင့် အထက် ရှိနိုင်ကြောင်း hongkongbusiness.hk Websit ၌ ဖော်ပြထားပါသည်။

## (၂) မကာအိုဒေသ၏ စီးပွားရေးအခြေအနေ

မကာအိုလေကြောင်းလိုင်းမှ (၃)စီးမြောက် A320 ခရီးသည်တင်လေယာဉ်တစ်စီး ဝယ်ယူရန်ရှိခြင်း

မကာအိုလေကြောင်းလိုင်းမှ တရုတ်ငွေ RMB 267.8 မီလီယံ (US$ 43.19 ခန့်) တန်ဖိုးရှိ Airbus A320 လေယာဉ်တစ်စီးအား တရုတ်လေကြောင်းလိုင်းထံမှ (၃)စီးမြောက်အဖြစ် ဝယ်ယူရန်ရှိကြောင်း၊ အဆိုပါလေယာဉ်မှာ ခရီးသည်ဦးရေ ၁၅၀ မှ ၁၉၀ ကြား သယ်ဆောင်နိုင်ကြောင်း၊ မကာအိုလေကြောင်းမှ A321 Airbus (၇)စီးနှင့် A319s လေယာဉ် (၅)စီးဖြင့် ခရီးစဉ်များ ပြေးဆွဲလျက်ရှိကြောင်း macaubusiness.com ဝက်ဘ်ဆိုက်၌ ဖော်ပြထားပါသည်။

## (၃) ထိုင်ဝမ်ဒေသ၏ စီးပွားရေးအခြေအနေ

ထိုင်ဝမ်စီးပွားရေးဝန်ကြီးဌာနမှ အဆင့်မြင့်နည်းပညာပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ကြေညာပေးခဲ့ခြင်း

အရေးပါသော အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်သည့် ဓါတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းနှင့် အခြားစက်မှုလုပ်ငန်းစသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း များ၏ သုတေသနဗဟိုဌာနများ၊ စက်ရုံးများနှင့် ဌာနချုပ်များအား ထိုင်ဝမ်ဒေသတွင် လာရောက် ဖွင့်လှစ်ရန် ကြိုဆိုကြောင်း ထိုင်ဝမ်စီးပွားရေးဝန်ကြီးဌာနမှ ဇူလိုင်လ(၂၀)ရက်နေ့၌ ပြောကြားခဲ့ ကြောင်း၊ ထိုင်ဝမ်ဒေသအတွင်း လိုအပ်ချက်များပြားသည့် ကမ်းလွန်ဒေသလေအား လျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ယာဉ်နှင့် လျှပ်စစ်ပစ္စည်းကိရိယာများ၊ လေထုညစ်ညမ်းမှု ကာကွယ် ရေးပစ္စည်းများ၊ သဘာဝဓါတ်ငွေ့အရည် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများ၌ လာမည့်(၅)နှစ် အတွင်း ထိုင်ဝမ်ငွေ 1.5 trillion (US$ 48 billion) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ငန်းဆိုင်ရာ အဆင့်မြင့်နည်းပညာပိုင်ဆိုင်သူ စက်မှုလုပ်ငန်းများအား ထိုင်ဝမ်မှ အထူးကြိုဆို ကြောင်း taiwannews.com ဝက်ဘ်ဆိုက်မှ ရေးသားဖော်ပြထားပါသည်။

(၄) **တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးအခြေအနေ**

<u>တရုတ်နိုင်ငံတွင် Online အသုံးပြု၍ စတော့ရှယ်ယာရောင်းဝယ်သူ (၅၆)သန်းရှိခြင်း</u>

တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း အင်တာနက်အသုံးပြု၍ စတော့ရှယ်ယာ (သို့မဟုတ်) ငွေကြေးရင်းနှီးမြှုပ်နှံ စီးပွားရေးပြုလုပ်သူအရေအတွက် ၅၆.၂၈ သန်းရှိကြောင်း၊ ၂၀၁၄ ခုနှစ်ကုန်ပိုင်းထက် ၄၇.၄ % မြင့်တက်ခဲ့ကြောင်း၊ လက်ကိုင်ဖုန်းအသုံးပြု၍ ကုန်သွယ်သူ ၃၆.၉၅ သန်းရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၈၉.၈ % ရှိကြောင်း၊ ဇွန်လကုန်ခန့်တွင် ၆၆၈ သန်းသို့ မြင့်တက်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းထက် ၂.၉၁ % (သို့မဟုတ်) ၁၈.၉၄ သန်းရှိခဲ့ကြောင်း၊ ယမန်နှစ်က စမတ်ဖုန်းဖြင့် Online သုံးစွဲသူအရေအတွက် ၈၅.၈ % သာရှိခဲ့သော်လည်း ယခုနှစ်တွင် ၈၈.၉ % အထိ မြင့်တက်လာခဲ့ကြောင်း China Internet Network Information Center (CNNIC) မှ ထုတ်ပြန်သော မှတ်တမ်းများအရ သိရှိရကြောင်း china daily.com ဝက်ဘ်ဆိုက်၌ ဖော်ပြထားပါသည်။

၂။ တင်ပြအပ်ပါသည်။

( ဇော် ဇော် စိုး )

ကောင်စစ်ဝန်ချုပ်

<u>စုစုပေါင်း( ၃ )ရွက်</u>

မိတ္တူ -

- ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်